JUSTICE FOR MYANMAR

**သတင်းထုတ်ပြန်ချက်**

၂၀၂၃ ခုနှစ်၊ ဇူလိုင် ၃၁ ရက် | မြန်မာ

# တိုင်ကြားခံထားရသည့် MAN နှင့် မြန်မာ့ရေတပ်စစ်သင်္ဘောတို့အကြား ဆက်နွှယ်မှုများအပေါ် ဂျာမနီ၏ ရာဇဝတ်ကြောင်းအရစုံစမ်းစစ်ဆေးမှုကို JFM ကြိုဆို

ဂျာမနီနိုင်ငံ၊ အောက်စဘာ့မြို့ရှိ အစိုးရရှေ့နေသည် မြန်မာစစ်အုပ်စု၏ စစ်ရေယာဉ်မှုတ္တမအတွက် အဓိက ပစ္စည်းအစိတ်အပိုင်းများ တင်သွင်းရောင်းချခဲ့သည့် MAN Energy Solutions အပေါ် ရာဇဝတ်ကြောင်း အရ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေပြီဖြစ်သည်။ ထိုတင်သွင်းရောင်းချမှုများသည် ဂျာမနီနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် ဥရောပသမဂ္ဂ၏ အရပ်ဘက်-စစ်ဘက်နှစ်မျိုးသုံး ပစ္စည်းများဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည်ဟု စွပ်စွဲခံထားရသည်။ Justice For Myanmar က ပေးအပ်ခဲ့သည့် သုတေသနများနှင့် သက်သေအထောက်အထားများကို အသုံးပြု၍ တရားလွှတ်တော်ရှေ့နေ Holger Rothbauer နှင့်အတူ Greenpeace Germany အဖွဲ့က ရာဇဝတ်ကြောင်းဆိုင်ရာ တိုင်ကြားချက် ဖွင့်ခဲ့ပြီး နောက် ယခုလိုတရားစွဲဆိုမှုများ လုပ်ဆောင်လာခြင်း ဖြစ်သည်။ ရာဇဝတ်ကြောင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှု ဖွင့်လှစ်လိုက်ခြင်းကို Süddeutsche Zeitung က အဦးဆုံး သတင်းဖော်ပြခဲ့ခြင်း ဖြစ်သည်။

စစ်ရေယာဉ်မှုတ္တမသည် တိုက်ခိုက်ရေးသုံး ကုန်းရေနှစ်ထွေသုံး ကမ်းတက်စစ်ရေယာဉ်ဖြစ်ပြီး၊ ပြည်သူတွေ အပေါ် ဆင်နွှဲနေသည့် အကြမ်းဖက်စစ်ဆင်ရေးကို ပံ့ပိုးကူညီရန် စစ်သည်များ၊ တင့်ကားများ၊ သံချပ်ကာ ကားများနှင့် အခြားစစ်လက်နက်နှင့် ပစ္စည်းကိရိယာများ ရွှေ့ပြောင်းရေးတွင် မြန်မာ့ရေတပ်၏ စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးသည်။

စစ်အုပ်စု၏ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ၎င်းတို့ကျူးလွန်လျက်ရှိသည့် ရခိုင်ပြည်နယ်အတွင်းသို့ စစ်သည်များ၊ ဒုံးကျည်စနစ်များနှင့် အမြောက် လက်နက်ကြီးများ သယ်ယူပို့ဆောင်ရာတွင် စစ်ရေယာဉ်မှုတ္တမအား အသုံးပြုခဲ့သည်ကို တွေ့ရသည်။ စစ်ရေယာဉ်မှုတ္တမကို စစ်အုပ်စု၏ ပင်လယ်ပြင်စစ်ရေးလေ့ကျင့်မှုများတွင်လည်း အသုံးပြုခဲ့သည်။

စစ်ရေယာဉ်မှတ္တမကို တောင်ကိုးရီးယားနိုင်ငံတွင် တည်ဆောက်ခဲ့ပြီး၊ မြန်မာ့ရေတပ်ပါဝင်ခဲ့သည့် ရိုဟင်ဂျာများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုအပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာစစ်အုပ်စုထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်သည်။

Volkswagen Group ၏ လက်အောက်ခံ MAN Energy Solutions SE သည် စစ်ရေယာဉ်၏ ပင်မအင်ဂျင်၊ ပါဝါသုံးပစ္စည်းများ၊ ပန်ကာနှင့် ပန်ကာထိန်းချုပ်မှုစနစ်၊ ထိန်းချုပ်ရေးနှင့် ပန်ကာသုံးပစ္စည်းများကို ထောက်ပံ့ပေးခဲ့ပြီး၊ မြန်မာ့ရေတပ်စစ်သည်များကို တောင်ကိုးရီးယားနိုင်ငံတွင် လေ့ကျင့်ပေးခဲ့သည်။ ဒိန်းမတ်နိုင်ငံရှိ ၎င်း၏ လက်အောက်ခံကုမ္ပဏီလည်း ပါဝင်သည်ဟု သိရသည်။

MAN Energy Solutions သည် စစ်ရေယာဉ်မှတ္တမအတွက် စက်ကိရိယာများနှင့် နည်းပညာများ ရောင်းချပေးခဲ့သည့် ဂျာမနီကုမ္ပဏီများထဲမှ တစ်ခုသာဖြစ်သည်။ အခြားဂျာမနီကုမ္ပဏီများတွင် -

- Raytheon Anschütz GmbH - မကြာသေးမီက ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ယင်းကုမ္ပဏီသည် ရေဒါစက်ပစ္စည်းများ၊ သင်္ဘောပဲ့ထိန်းသံလိုက်အိမ်မြှောင်စနစ်၊ အလိုအလျောက်မောင်းနှင်မှုနှင့် ပဲ့ထိန်းစနစ်တို့ကို ရောင်းချပေးအပ်ခဲ့သည်။
- Reintjes GmbH - ယင်းကုမ္ပဏီသည် Kracht GmbH အပါအဝင် အခြားဂျာမနီကုမ္ပဏီများမှ စက်ပစ္စည်းအစိတ်အပိုင်းများနှင့်အတူ စက်အစိတ်အပိုင်းစုကို ရောင်းချပေးအပ်ခဲ့သည်။
- Alfons Haar Maschinenbau GmbH & Co KG - ယင်းကုမ္ပဏီသည် ရဟတ်ယာဉ် ဆီဖြည့်စနစ်ကို ရောင်းချပေးအပ်ခဲ့သည်။
- Cassens & Plath GmbH - ယင်းကုမ္ပဏီသည် သံလိုက်အိမ်မြှောင်စနစ်ကို ရောင်းချပေးခဲ့သည်။
- RHOTHETA Elektronik GmbH - ယင်းကုမ္ပဏီသည် ဦးတည်လမ်းကြောင်းကြည့် ကိရိယာကို ရောင်းချပေးခဲ့သည်။
- GEA Westfalia Separator Group GmbH - ယင်းကုမ္ပဏီသည် Boll & Kirch Filterbau GmbH အပါအဝင် အခြားဂျာမနီကုမ္ပဏီများမှ စက်ပစ္စည်းအစိတ်အပိုင်းများနှင့်အတူ ဆီစစ်ကိရိယာကို ပေးအပ်ခဲ့သည်။
- DSB Deutsche Schlauchboot GmbH - Survitec Group ၏ ယင်းကုမ္ပဏီသည် ကယ်ဆယ်ရေးလှေများ ပေးအပ်ခဲ့သည်။

မြန်မာ့ရေတပ် စစ်သင်္ဘောအတွက် စက်ပစ္စည်းများနှင့် နည်းပညာများ ရောင်းချပေးအပ်ခဲ့သည့် အခြားကုမ္ပဏီများကိုလည်း ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးပေးပါရန် ဂျာမန်အာဏာပိုင်များကို Justice For Myanmar က တောင်းဆိုပါသည်။

ဂျာမနီအာဏာပိုင်များ၏ အရေးယူဆောင်ရွက်မှုသည် လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့သည့် ရေတပ်အရာရှိငယ် မြတ်မင်းသူထံမှ ရရှိခဲ့သည့် သက်သေအထောက်အထားများ အပေါ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ မြတ်မင်းသူသည် တောင်ကိုးရီးယားနိုင်ငံတွင် MAN ကုမ္ပဏီက ပေးအပ်ခဲ့သည့် သင်တန်းကို တက်ရောက်ခဲ့သူတစ်ဦးဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်အထိ စစ်ရေယာဉ်တွင် တာဝန်ထမ်းဆောင်ခဲ့ကာ၊ ယခုကဲ့သို့ အထောက်အထားများကို ဖောက်ချခဲ့ခြင်း ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် တောင်ကိုးရီးယားရဲတပ်ဖွဲ့က မြန်မာစစ်အုပ်စုထံ မုတ္တမစစ်ရေယာဉ်အား တရားမဝင် လွှဲပြောင်းပေးအပ်မှုအပေါ် သင်္ဘောတည်ဆောက်ခဲ့သည့် Daesun Shipbuilding & Engineering၊ လွှဲပြောင်းရောင်းချမှုတွင် ကြားခံပွဲစားလုပ်ဆောင်ပေးခဲ့သည့် Posco International နှင့် ကိုးရီးယား ကာကွယ်ရေးဝန်ကြီးဌာနတို့ကို စုံစမ်းစစ်ဆေးခဲ့သည်။ ယင်းစုံစမ်းစစ်ဆေးမှုကို ဆက်လက်လုပ်ဆောင်နေဆဲ ဖြစ်သည်။

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် Justice For Myanmar၊ Korean Civil Society in Solidarity with Rohingya နှင့် Korean Transnational Corporation Watch တို့သည် တောင်ကိုးရီးယားနိုင်ငံရှိ OECD <u>တိုင်ကြားချက်ဌာန</u>၊ တောင်ကိုးရီးယားလူ့အခွင့်အရေးကော်မရှင်တို့ထံ Daesun Shipbuilding & Engineering, Posco International နှင့် မြန်မာစစ်အုပ်စုကိုပံ့ပိုးကူညီနေသည့် အခြားစီးပွားရေးလုပ်ငန်းတို့အပေါ် တိုင်းကြားချက်များကို တင်သွင်းခဲ့သည်။

အဆိုပါ တိုင်ကြားချက်ကြောင့် စစ်သင်္ဘောတင်ပို့မှုအပေါ် မေးမြန်းစိစစ်ခဲ့ပြီး၊ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုလုပ်ငန်းကို မြတ်မင်းသူ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပံ့ပိုးကူညီပေးခဲ့သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “Greenpeace Germany ရဲ့ ရာဇဝတ်ကြောင်းအရ တိုင်ကြားချက်အပေါ် အောက်စဘာ့ရှိ ဂျာမန်အစိုးရရှေ့နေက အရေးယူ ဆောင်ရွက်တာကို ကြိုဆိုပါတယ်။

မြန်မာ့ရေတပ်က ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှုမှာ တာဝန်ရှိပြီး၊ ထွက်ပြေးလွတ် မြောက်ဖို့ ကြိုးပမ်းကြတဲ့ ရိုဟင်ဂျာ ယောကျ်ား၊ မိန်းမ၊ ကလေးငယ်တွေကို ဥပဒေမဲ့ ဖမ်းဆီးခြင်းဖြင့် စစ်အုပ်စုရဲ့ လူမျိုးရေးခွဲခြားမှုမူဝါဒကို ဆက်လက် ဖော်ဆောင်ပေးနေတာ ဖြစ်ပါတယ်။ စစ်အုပ်စုနဲ့ စစ်အုပ်စုရဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမှာ ကြံရာပါအားလုံးကို ယခုအချိန်အထိ တာဝန်ခံစေရန် အရေးယူဆောင်ရွက် နိုင်ခြင်း မရှိသေးပါ။

ဂျာမနီ နည်းပညာ တပ်ဆင်ထားတဲ့ စစ်ရေယာဉ်မုတ္တမက ပြည်သူတွေအပေါ် အကြမ်းဖက်စစ်ဆင် ရေးဆောင်ရွက်နေတဲ့ မြန်မာစစ်အုပ်စုကို ကမ်းရိုးတန်းဒေသတလျောက် စစ်သည်နဲ့ စစ်လက်နက်တွေ ရွှေ့ပြောင်းရာမှာ မြန်မာစစ်အုပ်စုရဲ့ လုပ်ဆောင်နိုင်စွမ်းကို အားဖြည့်ကူညီပေးနေတာ ဖြစ်ပါတယ်။

မြန်မာစစ်အုပ်စုဆီကို စစ်လက်နက်တွေနဲ့ စစ်ဘက်-အရပ်ဘက်နှစ်မျိုးသုံးပစ္စည်းတွေ လွှဲပြောင်းပေးအပ် မှုအားလုံးအတွက် အရေးယူတာဝန်ခံစေဖို့၊ ဂျာမနီနဲ့ ဥရောပသမဂ္ဂမှ နောက်ထပ် စစ်လက်နက် လွှဲပြောင်း ပေးအပ်မှုတွေကို ဟန့်တားဖို့အတွက် ယခုတရားစွဲဆိုမှုတွေက အရေးပါတဲ့ ခြေလှမ်းတစ်ရပ် ဖြစ်ပါတယ်။ သို့ပေမယ့် မုတ္တမစစ်ရေယာဉ်စီမံကိန်းမှာ ပါဝင်ပတ်သက်ခဲ့တဲ့ ကုမ္ပဏီအားလုံးအပေါ် တရားစွဲဆိုမှုတွေ တိုးချဲ့လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။

ဂျာမနီနဲ့ အီးယူနှစ်ခုလုံးမှာ လူမျိုးတုံးသတ်ဖြတ်မှုကျူးလွန်တဲ့ မြန်မာစစ်အုပ်စုဆီကို စစ်လက်နက်နဲ့ စစ် ဘက်-အရပ်ဘက် နှစ်မျိုးသုံးပစ္စည်းတွေ လွှဲပြောင်းပေးအပ်တာကို တားဆီးတဲ့ ဥပဒေတွေ ပြဋ္ဌာန်းထား ပေမယ့်၊ ဒီဥပဒေတွေ အသက်သွင်းဖို့အတွက်တော့ အစိုးရတွေက အကြိမ်ကြိမ် ပျက်ကွက်ခဲ့ကြပြီး၊ မြန်မာစစ်အုပ်စုအတွက် လက်ရှိကျူးလွန်နေတဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို အကူအညီဖြစ်စေမယ့် စက်ပစ္စည်းတွေနဲ့ နည်းပညာတွေကို ရရှိနေစေတာ ဖြစ်ပါတယ်။

ဂျာမနီနိုင်ငံအနေနဲ့ ဥပဒေချိုးဖောက်မှုတွေကို သည်းခံမှာမဟုတ်ကြောင်း ပြသရပါမယ်။ စစ်လက်နက်၊ စက်ပစ္စည်းတွေနဲ့ နည်းပညာတွေကို တရားမဝင်လွှဲပြောင်းပေးအပ်ခဲ့တဲ့ ကုမ္ပဏီတွေအပေါ် စုံစမ်းစစ်ဆေး ပြီး၊ အရေးယူတာဝန်ခံစေဖို့ အီးယူ အဖွဲ့ဝင်နိုင်ငံတွေကို တောင်းဆိုပါတယ်။

မြန်မာ့ရေတပ်ရဲ့ စစ်ရေယာဉ်မုတ္တမစီမံကိန်းမှာ ပါဝင်ခဲ့တဲ့ MAN ရဲ့ ဒိန်းမတ်ကုမ္ပဏီခွဲအပေါ် အမြန်ဆုံး စုံစမ်းစစ်ဆေးပြီး၊ အရေးယူဆောင်ရွက်ဖို့ ဒိန်းမတ်အာဏာပိုင်တွေကို တောင်းဆိုပါတယ်” ဟု ပြောကြား ခဲ့သည်။

ပိုမိုသိရှိရန်

စစ်ရေယာဉ် UMS Moattama နဲ့ပတ်သက်သည့် အကြောင်းအရာများ ကို ယခုနေရာ တွင် ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။